LOS ANGELES ကောင်တီ
မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ ကောင်တီ စာရေး

ဇွန်လ 2022 ခုနှစ် အကြိုရွေးကောက်ပွဲ အမေးများသော မေးခွန်းများ

မဲပေးသူ မှတ်ပုံတင်ခြင်း

မဲပေးရန် မည်ကဲ့သို့ မှတ်ပုံတင်ရမည်နည်း။

- မဲပေးဖို့ မှတ်ပုံတင်ရန် အလွယ်ကူဆုံး နည်းလမ်းမှာ အွန်လိုင်းတွင် **LAVOTE.GOV** ဖြစ်ပါသည်။
- မဲပေးသူ မှတ်ပုံတင်ခြင်းလျှောက်လွှာများကို စာကြည့်တိုက်၊ DMV ရုံးနှင့် Norwalk ရှိ မှတ်ပုံတင်အရာရှိ ရုံးချုပ်ကဲ့သို့သော အစိုးရအဆောက်အအုံ အများစုတွင် ရရှိနိုင်ပါသည်။
- မဲပေးသူများသည် ယခုရွေးကောက်ပွဲအတွက် စာတိုက်မှမဲပေးသည့်မဲပေးလွှာကို ရရှိရန် **မေလ 23 ရက်နေ့** နောက်ဆုံးထားပြီး မဲပေးရန် မှတ်ပုံတင်ရပါမည်။

ကျွန်ုပ်သည် မဲပေးရန် မှတ်ပုံတင်ထားခြင်း ရှိမရှိ သို့မဟုတ် ကျွန်ုပ်၏ မှတ်ပုံတင်ခြင်း အခြေအနေကို မည်သို့စစ်ဆေးနိုင်မည်နည်း။

- မဲပေးသူများသည် မိမိတို့၏ မှတ်ပုံတင်ခြင်း အခြေအနေနှင့် အချက်အလက်များကို အွန်လိုင်း **LAVOTE.GOV/VRSTATUS** တွင် စစ်ဆေးနိုင်ပါသည်။

မှတ်ပုံတင်ရန် နောက်ဆုံးရက်ကို လွတ်သွားပါက ကျွန်ုပ်မဲပေးနိုင်သေးပါသလား။

- မဲပေးနိုင်ပါသည်။ သတ်မှတ်ထားသော **မေလ 23 ရက်** နောက်ဆုံးရက်ကို လွတ်သွားသော အရည်အချင်းပြည့်မီသည့် မည်သည့်မဲပေးသူမဆို L.A. ကောင်တီရှိ မည်သည့် မဲစင်တာတွင်မဆို အခြေအနေအလိုက် မဲပေးသူမှတ်ပုံတင်ခြင်း (နေ့ချင်း မှတ်ပုံတင်ခြင်း) ဖြင့် လူကိုယ်တိုင် မဲပေးနိုင်သေးပါသည်။

ကျွန်ုပ်၏ မဲပေးသူ မှတ်ပုံတင်ခြင်းအချက်အလက်ကို မည်သည့်အချိန်တွင် အပ်ဒိတ် (update) လုပ်ရမည်နည်း။

- အကယ်၍ သင်သည် ပြောင်းရွှေ့ပါက၊ သင်၏ အမည်ကို ပြောင်းလဲပါက သို့မဟုတ် သင်၏ နိုင်ငံရေးပါတီ ဆက်နွယ်မှုကို ပြောင်းလဲလိုပါက အပ်ဒိတ်လုပ်ပါ။

စာတိုက်မှ မဲပေးခြင်း

ကျွန်ုပ်၏ စာတိုက်မှမဲပေးသည့် မဲပေးလွှာကို မည်သည့်အချိန်တွင် လက်ခံရရှိမည်နည်း။

- **မေလ 5 ရက်**နေ့မှ စတင်၍ မှတ်ပုံတင်ထားသော မဲပေးသူများအားလုံးထံသို့ စာတိုက်မှမဲပေးသည့် မဲပေးလွှာများကို ပေးပို့ပါမည်။

ကျွန်ုပ်၏ စာတိုက်မှမဲပေးသည့် မဲပေးလွှာကို မည်သို့ခြေရာခံနိုင်မည်နည်း။

- မဲပေးသူများသည် california.ballottrax.net တွင် **ကျွန်ုပ်၏ မဲပေးလွှာ ဘယ်နေရာရောက်နေသလဲ (Where's My Ballot)** ကို စာရင်းသွင်းခြင်းဖြင့် မိမိ၏ မဲပေးလွှာကို ခြေရာခံနိုင်ပါသည်။ ၎င်းသည် သင်၏ မဲပေးလွှာအခြေအနေအကြောင်းကို စာသား၊ အီးမေးလ် သို့မဟုတ် အသံမေးလ်ဖြင့် အကြောင်းကြားချက်များကို အလိုအလျောက် ပေးပို့သည့် အခမဲ့စာရင်းသွင်းမှုတစ်ခုဖြစ်ပါသည်။

မဲပေးလွှာထည့်ရန်ပုံး တည်နေရာများစာရင်းကို ဘယ်မှာရှာနိုင်မလဲ။

- အွန်လိုင်းတွင် **LAVOTE.GOV**
- မဲပေးသူ၏ နေထိုင်ရာအနီးရှိ အဆင်ပြေသော မဲပေးလွှာထည့်ရန်ပုံး တည်နေရာများစာရင်းကို စာတိုက်မှမဲပေးသည့်အထုပ်တွင် ထည့်သွင်းထားပါသည်။

ပြန်ပို့သည့်စာအိတ်ကို ကျွန်ုပ် ဘာကြောင့် လက်မှတ်ထိုးဖို့ လိုအပ်တာလဲ။

- မှတ်ပုံတင်အရာရှိသည် အရည်အချင်းပြည့်မီမှုကို အတည်ပြုရန်အတွက် မဲပေးသူ၏ မှတ်ပုံတင်မှတ်တမ်းပေါ် ရှိ လက်မှတ်နှင့် ပြန်ပို့သည့်စာအိတ်ပေါ် ရှိ လက်မှတ်ကို စစ်ဆေးပါသည်။

ပြန်ပို့သည့်စာအိတ်တွင် ကျွန်ုပ်၏ မွေးနေ့ကို ထည့်ရမည်လား သို့မဟုတ် ပြန်ပို့သည့်ရက်စွဲကို ထည့်ရမည်လား။

- မဲပေးလွှာကို ပြန်ပို့သည့် ရက်စွဲကို ထည့်ပါ။ အကယ်၍ မဲပေးသူသည် သူတို့၏ မွေးနေ့ကို ထည့်သွင်းပါက၊ မဲပေးလွှာကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးသည်နှင့် ရွေးကောက်ပွဲညတွင် ရေတွက်မည်ဖြစ်သည်။

ကျွန်ုပ်၏ မဲပေးလွှာကို မည်သည့်အချိန်တွင် တင်သွင်းရမည်နည်း။

- မဲပေးသူများသည် သူတို့၏ မဲပေးလွှာကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ပြန်လည်ပေးပို့နိုင်ပါသည်။
- မဲပေးလွှာအားလုံးကို စာတိုက်တံဆိပ် ရိုက်နှိပ်ထားပြီး ရွေးကောက်ပွဲနေ့တွင် ပြန်ပို့ပေးရပါမည်။
- ကျွန်ုပ်တို့၏ရုံးသည် ရွေးကောက်ပွဲနေ့တွင် စာတိုက်တံဆိပ် ရိုက်နှိပ်ထားသော မဲပေးလွှာများကို လက်ခံမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့ပြီးနောက် 7 ရက်အတွင်း လက်ခံရရှိရပါမည်။

LOS ANGELES ကောင်တီ
မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ ကောင်တီ စာရေး

ဇွန်လ 2022 ခုနှစ် အကြိုရွေးကောက်ပွဲ အမေးများသော မေးခွန်းများ

စာတိုက်မှ မဲပေးခြင်း

ကျွန်ုပ်၏ မဲပေးလွှာ မရရှိပါက သို့မဟုတ် ပျက်စီးသွားပါက မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။

- မဲပေးသူများသည် **LAVOTE.GOV/REPLACEBALLOT** တွင် အစားထိုးမဲပေးလွှာကို တောင်းဆိုနိုင်ပါသည်။ အစားထိုး တောင်းဆိုရန် နောက်ဆုံးရက်မှာ **မေလ 31 ရက်** ဖြစ်ပါသည်။
- (800) 815-2666 ရွေးချယ်မှု 2 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် သင်၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်နှင့် လိပ်စာတို့ကို votebymail@rrcc.lacounty.gov သို့ အီးမေးလ်ပို့ပါ။

တခြားဘာသာစကားဖြင့် စာတိုက်မှမဲပေးသည့် မဲပေးလွှာကို မည်သို့တောင်းဆိုနိုင်မည်နည်း။

- နမူနာ မဲပေးလွှာစာအုပ် နောက်ဘက်ရှိ ဘာသာစကားတောင်းဆိုမှု ဖောင်ကို ဖြည့်စွက်ပြီး ပြန်ပို့ပေးပါ။
- (800) 815-2666 ရွေးချယ်မှု 3 မှတ်ပုံတင်အရာရှိ၏ ဘာသာစကားမျိုးစုံ ဝန်ဆောင်မှုကဏ္ဍကို ဖုန်းခေါ်ဆိုပါ။
- ပံ့ပိုးထားသော ဘာသာစကားများ- အာမေနီးယန်း၊ တရုတ်၊ ခမာ၊ ဖာစီ၊ ကိုးရီးယား၊ စပိန်၊ တဂါလော့၊ ဗီယက်နမ်၊ ဟိန္ဒီ၊ ဂျပန်၊ ထိုင်း၊ ရုရှား၊ ဗမာ၊ တီလူဂူ၊ ဂူဂျာရသီ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယားနှင့် ဘင်္ဂလီ။

လူကိုယ်တိုင် မဲပေးခြင်း

လူကိုယ်တိုင် မဲပေးနိုင်ပါသလား။

- မဲပေးနိုင်ပါသည်။ မဲပေးသူများသည် **မေလ 28 ရက်**မှစ၍ မည်သည့် မဲစင်တာတွင်မဆို လူကိုယ်တိုင် မဲပေးရန် ရွေးချယ်ခွင့်ရှိပါသည်။
- မဲစင်တာများကို နေ့စဉ် နံနက် 10 နာရီမှ ည 7 နာရီအထိ ဖွင့်မည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့တွင် နံနက် 7 နာရီမှ ည 8 နာရီအထိ ဖွင့်မည်ဖြစ်သည်။

မဲစင်တာကို ဘယ်လိုရှာရမလဲ။

- မဲစင်တာ အပလီကေးရှင်းကို ကြည့်ရှုရန် **LOCATOR.LAVOTE.GOV** သို့ သွားပါ။
- အဆိုပါ အပလီကေးရှင်းသည် LA ကောင်တီရှိ မဲစင်တာအားလုံး၏ တည်နေရာနှင့် ခန့်မှန်းခြေ စောင့်ဆိုင်းချိန်များကို ပြသပါသည်။
- မှတ်ပုံတင်ထားသည့် မဲပေးသူတိုင်းကို သူတို့၏ အိမ်နှင့် အနီးဆုံး မဲစင်တာတည်နေရာများ စာရင်းကို မေလလယ်တွင် သီးခြားစာဖြင့် စာတိုက်မှ ပေးပို့မည်ဖြစ်ပါသည်။

ဘယ်အချိန်မှာ လူကိုယ်တိုင် မဲပေးနိုင်မလဲ။

- မဲပေးသူများသည် **မေလ 28 ရက်**မှစ၍ မည်သည့် မဲစင်တာသို့မဆို သွားရောက်နိုင်ပါသည်။
- ကြိုတင် မဲပေးခြင်း အခွင့်အရေးများကို ကောင်စွာအသုံးပြုပြီး ကြိုတင် မဲပေးပါ။

မဲစင်တာများကို COVID-19 မှ ဘေးကင်းစေရန် မည်သို့ ထိန်းသိမ်းထားသနည်း။

- မဲစင်တာများအားလုံးသည် လက်ရှိ ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းရေး လမ်းညွှန်ချက်များကို လိုက်နာပါသည်။
- ရွေးကောက်ပွဲ ဝန်ထမ်းများသည် နှာခေါင်းစည်းဝတ်ဆင်ပြီး မျက်နှာပြင်များကို ပုံမှန် သုတ်ပေးမည်ဖြစ်ပါသည်။
- မဲပေးသူများကို နှာခေါင်းစည်းဝတ်ဆင်ရန် အလေးအနက် တိုက်တွန်းပါသည်။

ကျွန်ုပ်သည် မဲစင်တာတွင် မဲပေးရန်အတွက် သက်သေအထောက်အထားများပေးရန် လိုအပ်ပါသလား။

- California ဥပဒေသည် မဲပေးသည့်အခါတွင် မှတ်ပုံတင်ထားသော မဲပေးသူများသည် သက်သေအထောက်အထားပြသရန် မလိုအပ်ပါ။
- သို့သော် မဲပေးသူသည် ပထမဆုံးအကြိမ် မှတ်ပုံတင်ပါက၊ သူတို့သည် တရားဝင်သော အစိုးရဓာတ်ပုံ ID သို့မဟုတ် Social Security နံပါတ်၏ နောက်ဆုံးဂဏန်း လေးလုံးကို ပေးရပါမည်။